| A bank standing with you | Issue Date : June 2020<br>Effective Date : July 2020 |
|---|---|
| **RELATED PARTIES TRANSACTION POLICY** | APPROVED BY HR |

# ဆက်နွယ်သူများဆိုင်ရာလမ်းညွှန်ချက်

## ရည်ရွယ်ချက်

ဆက်နွယ်သူများဆိုင်ရာလမ်းညွှန်ချက်အား ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်အများပိုင်ကုမ္ပဏီလီမိတက်အနေဖြင့်ကုမ္ပဏီ၏ဒါရိုက်တာများ၊ အရာရှိများ၊ ၎င်းတို့နှင့်ပတ်သက်ဆက်နွယ်သူများအား အကျိုးစီးပွားပဋိပက္ခဖြစ်ခြင်းနှင့် ချေးငွေထုတ်ချေးခြင်းနှင့်စပ်လျဉ်း၍ အတိုင်းအတာအားသတ်မှတ်ရန် ရည်ရွယ်ပါသည်။

ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်သည် ဆက်နွယ်ဆောင်ရွက်သူများနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်များ ပေါ်ပေါက်လာပါက ဤဆက်နွယ်ဆောင်ရွက်သူများဆိုင်လမ်းညွှန်ချက်ပါ စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများကိုလိုက်နာရမည်ဖြစ်ပါသည်။

## ဆက်နွယ်ဆောင်ရွက်သူ၏အဓိပ္ပါယ်ဖွင့်ဆိုချက်

ဘဏ်နှင့်ဆက်နွယ်သူများဆိုသည်မှာ- ဘဏ်တွင်အကျိုးစီးပွားအများအပြားရှိသူ သို့မဟုတ် ဘဏ်၏ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ် သို့မဟုတ် ငွေရေးကြေးရေးအရာရှိချုပ် သို့မဟုတ် ဘဏ်၏ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်သော ပုဂ္ဂိုလ်များ၊ ၎င်းတို့၏ဆွေမျိုးသားချင်း များ(ဆွေမျိုးများ ဆိုရာတွင် ဘဏ်နှင့်ဆက်နွယ်နေသူ၏ဇနီး၊ ခင်ပွန်း၊ မိဘ၊ ဘိုးဘွားနှင့်ဆက်ခံသူသားသမီး၊ မြေးမြစ်များ၊ ၎င်းကိုမှီခိုသူများနှင့် မွေးစားခြင်းကြောင့်ဖြစ်ပေါ်လာသည့် ဆွေမျိုးတော်စပ်သူများ) အားလုံးကိုဆိုလိုပါသည်။

## ဆက်နွယ်သူများနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက်များ

ဘဏ်သည် ဆက်နွယ်သူများ သို့မဟုတ် ဘဏ်၏မဲပေးပိုင်ခွင့်အစုရှယ်ယာ၏ငါးရာခိုင်နှုန်းထက်ပို၍ ကိုင်ဆောင်ထားသောအစုရှယ်ယာရှင်များနှင့် ၎င်းတို့နှင့်ဆက်နွယ်နေသူများအား ချေးငွေထုတ်ပေးခြင်းကိစ္စနှင့် ပတ်သက်၍ ဒါရိုက်တာမပါဝင်သော ဘဏ်ဒါရိုက်တာအဖွဲ့၏ သုံးပုံနှစ်ပုံ သို့မဟုတ် ယင်းထက်ပိုသော မဲဖြင့် အတည်ပြုခြင်းနှင့်

အပေါင်ပစ္စည်းအား အာမခံထားခြင်း၊ စျေးကွက်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းမှ အပငွေထုတ်ချေးခြင်းမပြုရပါ။ သို့ရာတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ချေးငွေရယူသည့်အချိန်တွင် ဘဏ်၏ဝန်ထမ်းဖြစ်ပြီး ဝန်ထမ်းများခံစားခွင့်ရှိသည့် အစီအစဉ်အရ ငွေချေးယူနိုင်ပါသည်။

## ဆက်နွယ်သူများနှင့်ပတ်သက်သည့် သတ်မှတ်ချက်များ

ဒါရိုက်တာအဖွဲ့မှ အတည်ပြုထားသည့် ဆက်နွယ်သူနှင့်သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်ချက် အားလုံးကို ဒါရိုက်တာအဖွဲ့အစည်းအဝေး မှတ်တမ်းတွင် မှတ်တမ်းတင်ထားရမည်။

ဆက်နွယ်သူဒါရိုက်တာသည် အဆိုပါကိစ္စရပ်အတွက် ဒါရိုက်တာအစည်းအဝေးတွင်မဲပေးဆုံးဖြတ်ရာ၌ အဆိုပါအစည်းအဝေးသို့ တက်ရောက်ခြင်း သို့မဟုတ် မဲပေးခြင်းမပြုရ။

ဆက်နွယ်သူများနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဘဏ်၏ ကတိတာဝန်များကို ဘဏ်မှအကဲဖြတ်နိုင်ရန်အတွက် လုံလောက်သည့် အထောက်အကူပြု သတင်း အချက်အလက်နှင့် စာရွက်စာတမ်းများကို ရနိုင်သမျှ အဆင်သင့်ထားရှိရမည်။

ဆက်နွယ်သူအားလုံးနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်နွယ်သူများ အားလုံးကို ပြည့်စုံစွာထုတ်ဖော်ကြေညာရမည်ဖြစ်သည့်အပြင် ဘဏ်၏ဝန်ဆောင်မှုများ အတွက် ငွေပေးချေမှုများ၊ ဘဏ်၏ဥပစာ၊ ဝန်ထမ်းရေးရာကိစ္စ သို့မဟုတ် ပစ္စည်းကိရိယာကဲ့သို့သော အထောက်အပံ့ပစ္စည်းများ အား အသုံးပြုခြင်းအတွက် ငွေပေးချေမှုများနှင့် ဘဏ်၏ရရန်ပိုင်ခွင့်များရောင်းချခြင်းအတွက် ငွေပေး ချေမှုများအစရှိသည်တို့ကိုခွဲခြား၍ ပြည့်စုံစွာမှတ်တမ်းထားရှိရမည်။

ဘဏ်သည် ဆက်နွယ်သူအားလုံးနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်များကို ဆောင်ရွက်ရာတွင် ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးကျင်းပ၍ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အတူ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများနှင့် စာရင်းစစ်ကော်မတီ၏ ခွင့်ပြုချက် ရယူရမည်ဖြစ်ပါသည်။

## ပြန်လည်သုံးသပ်ခြင်းနှင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ဤလမ်းညွှန်ချက်အား ဥပဒေနှင့်လိုက်နာဆောင်ရွက်ရေးအဖွဲ့မှ နှစ်စဉ်ပြန်လည်သုံးသပ်မည်ဖြစ်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းများပြောင်းလဲလျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေ ပြောင်းလဲလျှင်သော်လည်းကောင်း ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းများကို လုပ်ဆောင်သွားမည်ဖြစ်ပါသည်။